Australian Government
Services Australia

BURMESE

# ကလေးယူခြင်း

အကယ်၍ သင်သည် မွေးစကလေး သို့မဟုတ် များမကြာမီက မွေးစားသည့်ကလေးမိဘဖြစ်ပြီး အလုပ်မှခေတ္တနားလိုပါက၊ ငွေကြေးထောက်ပံ့မှု ရနိုင်ပါသည်။

သင်သည် မွေးစကလေး သို့မဟုတ် များမကြာမီက မွေးစားသည့်ကလေးကို ပြုစု စောင့်ရှောက်လိုပါက **Services Australia** တွင် ကူညီနိုင်သော **Parental Leave Pay** အစီအစဉ် ရှိပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့နောက်ပိုင်း မွေးဖွားသော သို့မဟုတ် မွေးစားသောကလေးများအတွက်၊ သင့်မိသားစုသည် **Parental Leave Pay** ရက် စုစုပေါင်း ၁၁၀ရက်အထိ ရရှိနိုင်ခွင့် ရှိပါသည်။ ဤရက်များသည် တစ်ပတ် ၅ ရက်လုပ်ခြင်းနှင့် တွက်ချက်ပါက ၂၂ ပတ်နှင့် တူပါသည်။ သင့်တွင် လက်တွဲဖော်ရှိပြီး နှစ်ဦးစလုံး ရနိုင်ခွင့်ရှိပါက၊ သင်တို့နှစ်ယောက်အကြားတွင် **Parental Leave Pay** ကို မျှဝေခွဲသုံးနိုင်ပါသည်။

သင်သည် မွေးမိခင်၊ ဖခင်အရင်း၊ မွေးစားမိဘဖြစ်ပါက သို့မဟုတ် ကလေးမိဘ၏ လက်တွဲဖော် ဖြစ်ပါက သင်သည် ရနိုင်ခွင့် ရှိပါသည်။

သင်သည် အောက်ပါအကြောင်းကြောင့်လည်း **Parental Leave Pay** ကိုလည်း ရရှိနိုင်ပါသည်။

1. အမေအစားထိုးအစီအစဉ်ဖြင့် ကလေးယူရန် စီစဉ်ထားသော မိဘ၊
2. မဖြစ်မနေအခြေအနေများကြောင့် ကလေးပြုစုစောင့်ရှောက်နေရသူ။

သင်သည် အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရန်လည်း လိုအပ်ပါသည်–

- ဝင်ငွေ စိစစ်မှု
- အလုပ် စိစစ်မှု
- နေထိုင်ခွင့်စည်းမျဉ်းများ။

အကယ်၍ အလုပ်စိစစ်မှုနှင့် မကိုက်ညီပါက၊ သင့်အတွက် အလုပ်စိစစ်မှုအခြားတစ်မျိုးဖြင့် အတည်ပြုပေးခြင်း ရနိုင်သည်။

သင့်ကလေးမွေးဖွားမည့်ရက် သို့မဟုတ် မွေးစားမည့်ရက်မတိုင်မီ ၃လကြို၍ သင့်လျှောက်လွှာ စတင်နိုင်ပါသည်။

အင်္ဂလိပ်နှင့် အခြားဘာသာစကားများဖြင့် နောက်ထပ်အကြောင်းအချက်များအတွက် **servicesaustralia.gov.au/parentalleavepay** သို့ သွားပါ။

**Centrelink** ထောက်ပံ့ကြေးများနှင့် လုပ်ငန်းများအကြောင်း သင့် ဘာသာစကားဖြင့် ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ။

# Having a baby

If you are the parent of a newborn or recently adopted child and you are taking time off work, you may be eligible for financial support.

Services Australia has Parental Leave Pay to help if you are caring for a newborn or recently adopted child.

For children born or adopted from 1 July 2024, your family can get up to 110 days of Parental Leave Pay. This is the same as 22 weeks based on a 5 day work week. If you have a partner, and you are both eligible, you can share Parental Leave Pay between you.

You may be eligible if you are the birth mother, the biological father, an adoptive parent, or if you are the partner of the biological or adoptive parent of the child.

You may also get Parental Leave Pay if you are:

1. The intended parent receiving the child from a birth mother in a surrogacy arrangement, or
2. Another person caring for the child under exceptional circumstances.

You also need to meet all of the following:

- an income test
- a work test
- residence rules.

If you do not meet the work test, in some special circumstances we may approve a different work test.

You can start your claim up to 3 months before the expected date of your child’s birth or adoption.

For more information in English and other languages go to **servicesaustralia.gov.au/parentalleavepay**

Call **131 202** to speak with us in your language about Centrelink payments and services.